# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# မြန်မာနိုင်ငံတော်ဗဟိုဘဏ်

## ညွှန်ကြားချက်အမှတ် ၉/၂၀၁၉

## ၁၃၈၀ ပြည့်နှစ်၊ တပေါင်းလပြည့်ကျော် ၅ ရက်

## (၂၀၁၉ ခုနှစ်၊ မတ်လ ၂၅ ရက်)

မြန်မာနိုင်ငံတော်ဗဟိုဘဏ်သည် ငွေရေးကြေးရေးအဖွဲ့အစည်းများဥပဒေပါ ဘဏ်၏ ဒါရိုက်တာများနှင့်ပတ်သက်သည့် ပုဒ်မ ၇၃၊ ၇၄၊ ၇၅၊ ၇၆၊ ၈၀ နှင့် ယင်းဥပဒေပုဒ်မ ၁၈၄ တွင် အပ်နှင်းထားသည့် လုပ်ပိုင်ခွင့်ကို ကျင့်သုံး၍ အောက်ပါညွှန်ကြားချက်ကို ထုတ်ပြန်လိုက်သည်။

**အမည်နှင့် သက်ဆိုင်ခြင်း**

၁။ ဤညွှန်ကြားချက်ကို ဘဏ်၏ ဒါရိုက်တာများဆိုင်ရာညွှန်ကြားချက်ဟု ခေါ်တွင်စေရမည်။

၂။ ဤညွှန်ကြားချက်သည် ဘဏ်၊ ဘဏ်ဒါရိုက်တာအဖွဲ့၊ ဒါရိုက်တာများနှင့် သက်ဆိုင်စေရမည်။

**အဓိပ္ပာယ်ဖွင့်ဆိုချက်**

၃။ ဘဏ်၏ အမှုဆောင်မဟုတ်သည့် သီးခြားလွတ်လပ်သော ဒါရိုက်တာဆိုသည်မှာ ငွေရေးကြေးရေးအဖွဲ့အစည်းများဥပဒေတွင် အဓိပ္ပာယ်ဖွင့်ဆိုထားသည့် ဆက်နွယ်သူမဟုတ်သော ဘဏ်၏ မဲပေးပိုင်ခွင့်ရှိသည့် အစုရှယ်ယာ ၅% အောက် ပိုင်ဆိုင်သူတစ်ဦးကို ဆိုသည်။

**သင့်လျော်မှန်ကန်ခြင်းရှိမှုဆိုင်ရာ စံသတ်မှတ်ချက်**

၄။ ဒါရိုက်တာနှင့် ဒါရိုက်တာအဖွဲ့ဝင်အဖြစ် အမည်စာရင်းတင်သွင်းခြင်းခံရသူအားလုံးသည် မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ ထုတ်ပြန်သည့် သင့်လျော်မှန်ကန်ခြင်းရှိမှုဆိုင်ရာ စံသတ်မှတ်ချက်များအတွက် ညွှန်ကြားချက်ပါ စံသတ်မှတ်ချက်များနှင့် ကိုက်ညီရမည်။

**ဒါရိုက်တာအဖွဲ့ဝင် ရွေးချယ်ခန့်အပ်ခြင်း**

၅။ ဘဏ်၏ နှစ်ပတ်လည်အထွေထွေအစည်းအဝေးသည် ဒါရိုက်တာအမည်စာရင်းတင်သွင်းခြင်းခံရသူများစာရင်းမှ မြန်မာနိုင်ငံတော်ဗဟိုဘဏ်က အတည်ပြုသည့် ပုဂ္ဂိုလ်များကိုသာ ဒါရိုက်တာများအဖြစ် တရားဝင်ရွေးချယ်ခန့်အပ်ရမည်။

**ဒါရိုက်တာအဖွဲ့ဝင်၏ သက်တမ်း**

၆။ ဒါရိုက်တာတစ်ဦး၏သက်တမ်းသည် သုံးနှစ်ဖြစ်ပြီး တစ်ဆက်တည်း သုံးကြိမ်ထက်ပို၍ သက်တမ်းတိုးမြှင့်ခြင်းမပြုရ။

### ဒါရိုက်တာအဖွဲ့ဝင် နေရာလစ်လပ်ခြင်း

၇။ ဒါရိုက်တာအဖွဲ့၏ ဒါရိုက်တာအဖွဲ့ဝင်တစ်ဦး နေရာလစ်လပ်သည့်အခါ ဒါရိုက်တာအဖွဲ့သည် မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ ကြိုတင်အတည်ပြုချက်အရ ဒါရိုက်တာအသစ်ခန့်အပ်ခြင်းကို မဲအများစုဖြင့် အတည်ပြုနိုင်ပြီး ယင်းသို့ခန့်အပ်ခြင်းကို နောက်တစ်ကြိမ်ကျင်းပသည့် အစုရှယ်ယာရှင်များ၏ နှစ်ပတ်လည်အထွေထွေအစည်းအဝေးတွင် အတည်ပြုချက်ရယူရမည်။

### ဒါရိုက်တာအဖွဲ့ ဖွဲ့စည်းခြင်း

၈။ ဒါရိုက်တာအဖွဲ့တွင် အဖွဲ့ဝင်(၅)ဦးထက်မနည်း (၁၅)ဦးထက်မပိုသော အဖွဲ့ဝင်များပါဝင်ရမည်ဖြစ်ပြီး အောက်ပါပုဂ္ဂိုလ်များ ပါဝင်ရမည်-

(က) ဒါရိုက်တာအဖွဲ့ဝင်များ၏ မဲအများစုဖြင့်ခန့်အပ်သည့် ဥက္ကဋ္ဌတစ်ဦး (အမှုဆောင်အရာရှိချုပ်အား ဥက္ကဋ္ဌအဖြစ် ခန့်အပ်ခြင်းမပြုရ)၊

(ခ) အမှုဆောင်အရာရှိချုပ်တစ်ဦး၊

(ဂ) အဖွဲ့ဝင် (၁၁)ဦးထက်မပိုသော ဒါရိုက်တာအဖွဲ့ကိုဖွဲ့စည်းလျှင် အမှုဆောင်မဟုတ်သည့် သီးခြားလွတ်လပ်သော ဒါရိုက်တာ အနည်းဆုံးတစ်ဦးနှင့် အဖွဲ့ဝင် (၁၁)ဦးထက်ပိုသော ဒါရိုက်တာအဖွဲ့ကိုဖွဲ့စည်းလျှင် အမှုဆောင်မဟုတ်သည့် သီးခြားလွတ်လပ်သော ဒါရိုက်တာ အနည်းဆုံးနှစ်ဦး။

၉။ ဒါရိုက်တာအဖွဲ့၏ တာဝန်များနှင့် ဆောင်ရွက်ချက်များကို စဉ်ဆက်မပြတ် ရှိစေရန်အတွက် ဒါရိုက်တာအဖွဲ့ဝင်များအား ခန့်အပ်ခြင်းကို တစ်ချိန်တည်း သက်တမ်းစေ့ရောက်ခြင်းမရှိစေရန် စီစဉ်ဆောင်ရွက်ရမည်။

### အစည်းအဝေးနှင့် မှတ်တမ်းများ

၁၀။ ဒါရိုက်တာအဖွဲ့အစည်းအဝေးများကို အောက်ပါအတိုင်း ကျင်းပရမည်-

(က) ဒါရိုက်တာအဖွဲ့အစည်းအဝေးများကို တစ်နှစ်လျှင် အနည်းဆုံး ၁၂ ကြိမ် ကျင်းပရမည်ဖြစ်ပြီး အစည်းအဝေးနှစ်ခုအကြားကာလသည် နှစ်လထက် မပိုရ၊

(ခ) ဥက္ကဋ္ဌသည် အနည်းဆုံး ဒါရိုက်တာသုံးပုံနှစ်ပုံက အစည်းအဝေးကျင်းပပေးရန် စာဖြင့်ရေးသားတောင်းဆိုပါက မည်သည့်အချိန်မဆို အထူးအစည်းအဝေးကို ခေါ်ယူကျင်းပနိုင်သည်၊

(ဂ) ဒါရိုက်တာအဖွဲ့အစည်းအဝေးများကို ဥက္ကဋ္ဌက ကြီးမှူးကျင်းပရမည်၊

(ဃ) ဥက္ကဋ္ဌအစည်းအဝေးတက်ရောက်ရန် ပျက်ကွက်သည့်အခါ အစည်းအဝေးတက်ရောက်သည့် ဒါရိုက်တာအများစုမှ ရွေးချယ်သည့် ဒါရိုက်တာတစ်ဦးက အစည်းအဝေးကို ကြီးမှူးကျင်းပရမည်၊

(င) အမှုဆောင်မဟုတ်သည့် သီးခြားလွတ်လပ်သော ဒါရိုက်တာအနည်းဆုံးတစ်ဦး အပါအဝင် ဒါရိုက်တာအဖွဲ့၏ အဖွဲ့ဝင်ထက်ဝက်တက်ရောက်ပါက အစည်းအဝေး အထမြောက်သည်၊

(စ) ဒါရိုက်တာအဖွဲ့အစည်းအဝေးတွင် အများစု၏ ဆုံးဖြတ်ချက်သည် အတည်ဖြစ်ပြီး မဲအရေအတွက်တူညီနေပါက ဥက္ကဋ္ဌတွင် ဆုံးဖြတ်ပိုင်ခွင့်မဲရှိသည်၊

(ဆ) အစည်းအဝေးသို့တက်ရောက်သည့် ဒါရိုက်တာများ၏အမည်များနှင့် ချမှတ်သော ဆုံးဖြတ်ချက်များပါဝင်သည့် အစည်းအဝေးမှတ်တမ်းကို မှတ်တမ်းတင်ထားရမည် ဖြစ်ပြီး အဆိုပါအစည်းအဝေးမှတ်တမ်းတွင် အစည်းအဝေးတက်ရောက်သည့် ဒါရိုက်တာ အားလုံးက လက်မှတ်ရေးထိုးရမည်၊

(ဇ) အစည်းအဝေးမှတ်တမ်းတွင် ဒါရိုက်တာအဖွဲ့ဝင်မဟုတ်သည့် အစည်းအဝေး တက်ရောက်သူများ၏ အမည်များလည်း ပါဝင်ရမည်၊

(ဈ) ဒါရိုက်တာတစ်ဦးသည် လုံလောက်သော အကြောင်းပြချက်မရှိလျှင် ဒါရိုက်တာအဖွဲ့ အစည်းအဝေးအားလုံးကို တက်ရောက်ရမည်၊

(ည) လုံလောက်သော အကြောင်းပြချက်နှင့် ကြိုတင်အကြောင်းကြားချက်မရှိဘဲ အစည်းအဝေးကို သုံးကြိမ်ဆက်တိုက်ထက်ပို၍ ပျက်ကွက်သော ဒါရိုက်တာတစ်ဦး ၏နေရာကို လစ်လပ်သည်ဟု မှတ်ယူရမည်၊

(ဋ) အစည်းအဝေးမှတ်တမ်းတွင် အစည်းအဝေး၌ချမှတ်သော ဆုံးဖြတ်ချက်နှင့် ဆန့်ကျင် ကွဲလွဲသည့် အမြင်သဘောထားအားလုံးကို မှတ်တမ်းတင်ထားရှိရမည်။

**ကျမ်းကျိန်လွှာတွင် လက်မှတ်ရေးထိုးခြင်း**

၁၁။ ဘဏ်၏ဒါရိုက်တာအဖွဲ့ဝင်အဖြစ် ရွေးချယ်ခံရသည့် ဒါရိုက်တာသည် ယင်းရွေးချယ်ခံရသည့် နေ့မှ ရက်ပေါင်း (၃၀) အတွင်း ဤညွှန်ကြားချက်တွင် ပူးတွဲပါရှိသည့် ကျမ်းကျိန်လွှာပုံစံတွင် လက်မှတ်ရေးထိုးရမည်။

၁၂။ ကျမ်းကျိန်လွှာအား လက်မှတ်ရေးထိုးရန်ပျက်ကွက်ပါက အဆိုပါဒါရိုက်တာအား ရွေးချယ် ခြင်းသည် ပျက်ပြယ်သည်ဟုမှတ်ယူရမည်။

၁၃။ အဆိုပါ ကျမ်းကျိန်လွှာမိတ္တူတစ်စုံကို လက်မှတ်ရေးထိုးသည့်နေ့မှ (၁၄) ရက်အတွင်း မြန်မာ နိုင်ငံတော်ဗဟိုဘဏ်သို့ ပေးပို့ရမည်။

**တာဝန်၊ လုပ်ပိုင်ခွင့်နှင့် တာဝန်ရှိမှုများ**

၁၄။ ဒါရိုက်တာအဖွဲ့သည် ဘဏ်လုပ်ငန်းဆိုင်ရာမဟာဗျူဟာနှင့် ငွေရေးကြေးရေးအားကောင်း ခိုင်မာမှု၊ အရေးကြီးသော ဝန်ထမ်းရေးရာဆိုင်ရာဆုံးဖြတ်ချက်၊ လုပ်ငန်းဖွဲ့စည်းပုံ၊ စီမံအုပ်ချုပ်မှု

မှုဘောင်နှင့် အလေ့အထ၊ ဆုံးရှုံးနိုင်ခြေစီမံခန့်ခွဲမှုနှင့် လိုက်နာဆောင်ရွက်မှုဆိုင်ရာတာဝန်များကို ချမှတ်ဆောင်ရွက်ရန် အလုံးစုံတာဝန်ရှိသည်။

၁၅။ ဒါရိုက်တာအဖွဲ့သည် အဆိုပါတာဝန်ရှိမှုများကိုဆောင်ရွက်ရာတွင် ငွေအပ်နှံသူများ၊ အစုရှယ်ယာရှင်များနှင့် အခြားအကျိုးစီးပွားသက်ဆိုင်သူများအားလုံး၏ တရားဝင်အကျိုးစီးပွားများကို ထည့်သွင်းစဉ်းစားရမည်။

၁၆။ ဒါရိုက်တာအဖွဲ့သည် ၎င်း၏ဆောင်ရွက်ရန်ကိစ္စအချို့ကို ကိုယ်စားဆောင်ရွက်ရန် သင့်လျော်သည့် ကော်မတီများသို့ လွှဲပြောင်းနိုင်သည်။

၁၇။ ဒါရိုက်တာအဖွဲ့သည် ဘဏ်၏ဖွဲ့စည်းပုံကို ရေးဆွဲထားရှိရမည်။

၁၈။ ဒါရိုက်တာအဖွဲ့ဝင်များ၏ တာဝန်ခံမှုများတွင် အောက်ပါတို့ပါဝင်ရမည်-

(က) ဘဏ်၏လုပ်ငန်းနှင့် ပြင်ပဝန်းကျင်တွင် အရေးကြီးသောပြောင်းလဲမှုများကို မျက်ခြေမပြတ်ကြည့်ရှုနေရမည်ဖြစ်ပြီး ဘဏ်၏ ရေရှည်အကျိုးစီးပွားကို ကာကွယ်ရန်အတွက် အချိန်နှင့်တစ်ပြေးညီ လိုအပ်သောပြောင်းလဲမှုများကို ချမှတ်ဆောင်ရွက်ရမည်၊

(ခ) ဘဏ်၏လုပ်ငန်းရည်ရွယ်ချက်များနှင့် မဟာဗျူဟာတိုးတက်မှုအခြေအနေကို စောင့်ကြပ်ကြည့်ရှု၍ အတည်ပြုရမည်ဖြစ်ပြီး ၎င်းတို့အား အကောင်အထည်ဖော်ဆောင်ရွက်မှုကို စောင့်ကြည့်စစ်ဆေးခြင်းပြုရမည်၊

(ဂ) ဘဏ်၏အဖွဲ့အစည်း(ကော်ပိုရိတ်)ဆိုင်ရာဓလေ့ထုံးစံနှင့် တန်ဖိုးများကို တည်ဆောက်ရာတွင် ဦးဆောင်မှုအခန်းကဏ္ဍမှ ပါဝင်ရမည်၊

(ဃ) ဘဏ်၏စီမံအုပ်ချုပ်မှုမူဘောင်ကို အကောင်အထည်ဖော်ဆောင်ရွက်မှုအား စောင့်ကြပ်ကြည့်ရှုနေရမည်ဖြစ်ပြီး အဆိုပါစီမံအုပ်ချုပ်မှု မူဘောင်သည် အရေးကြီးသော ပြောင်းလဲမှုများဖြစ်သည့် ဘဏ်၏အရွယ်အစား၊ လုပ်ငန်း၏ခက်ခဲရှုပ်ထွေးမှု၊ ပထဝီဒေသဆိုင်ရာတည်ရှိမှု၊ လုပ်ငန်းဆိုင်ရာမဟာဗျူဟာ၊ ဈေးကွက်အနေအထားနှင့် ကြပ်မတ်ကွပ်ကဲရေးဆိုင်ရာလိုအပ်ချက်များအရ လိုက်လျောညီထွေ ရှိ မရှိကို အခါအားလျော်စွာ ပြန်လည်သုံးသပ်ရမည်၊

(င) ဘဏ်လုပ်ငန်းကဏ္ဍတွင် ယှဉ်ပြိုင်မှုနှင့် ကြပ်မတ်ကွပ်ကဲမှုဆိုင်ရာအခြေအနေနှင့် ဘဏ်၏ ရေရှည်အကျိုးစီးပွား၊ ဆုံးရှုံးနိုင်ခြေဖော်ထုတ်ခြင်းနှင့် ဆုံးရှုံးနိုင်ခြေကို ထိရောက်စွာ စီမံခန့်ခွဲနိုင်မည့် စွမ်းရည်တို့ကို ထည့်သွင်းစဉ်းစား၍ ဘဏ်မှလက်ခံလိုသည့် ဆုံးရှုံးနိုင်ခြေကို ဘဏ်၏အရာရှိများနှင့်အတူ သတ်မှတ်ထားရှိရမည်၊

(စ) ဘဏ်၏ ဆုံးရှုံးနိုင်ခြေမူဝါဒနှင့် ဆုံးရှုံးခံနိုင်မှုအတိုင်းအတာတို့အပေါ် ဘဏ်၏ ထိန်းသိမ်းလိုက်နာမှုအား စောင့်ကြပ်ကြည့်ရှုရမည်၊

(ဆ) ဘဏ်၏ မတည်ငွေရင်းလုံလောက်မှုအား စိစစ်အကဲဖြတ်ခြင်းလုပ်ငန်းစဉ်၊ မတည်ငွေရင်းနှင့် ငွေကြေးလွယ်ကူမှုအစီအမံများ၊ လိုက်နာဆောင်ရွက်မှု မူဝါဒနှင့် တာဝန်ဝတ္တရားများ၊ ဘဏ်တွင်းထိန်းချုပ်ကွပ်ကဲမှုစနစ်များနှင့် စပ်လျဉ်းသည့် မူဝါဒများကို အတည်ပြုခြင်းနှင့် အဓိကမူဝါဒများနှင့်စည်းမျဉ်းများ အကောင်အထည်ဖော်ခြင်းတို့ကို စောင့်ကြပ်ကြည့်ရှုရမည်၊

(ဇ) အဓိကကျသော မူဝါဒများနှင့် စည်းမျဉ်းများကို ဆက်လက်ကျင့်သုံးနိုင်ခြင်း ရှိ မရှိနှင့် လိုအပ်သည့်နေရာတွင် ပြောင်းလဲခြင်း သို့မဟုတ် ခေတ်နှင့်လျော်ညီစေရန် ပြုလုပ်ခြင်း ရှိ မရှိကို သေချာစေရန် အခါအားလျော်စွာ ပြန်လည်သုံးသပ်ရမည်၊

(ဈ) ဘဏ်အား စာရင်းနှင့်ငွေရေးကြေးရေးဆိုင်ရာ အချက်အလက်များကို ထောက်ကူစေမည့် ခိုင်မာသော ဘဏ္ဍာရေးဆိုင်ရာဆောင်ရွက်ချက်များကို ထိန်းသိမ်းထားရှိစေရမည်၊

(ည) နှစ်ပတ်လည်(နှစ်ချုပ်) ဘဏ္ဍာရေးရှင်းတမ်းများကို အတည်ပြုခြင်းနှင့် ဘဏ်အား လွတ်လပ်သော နှစ်ပတ်လည် (နှစ်ချုပ်) စာရင်းစစ်ဆေးခြင်းကို ပြုစေရမည်၊

(ဋ) အမှုဆောင်အရာရှိချုပ်နှင့် အခြားအရာရှိများကို ရွေးချယ်ခြင်းနှင့် ယင်းတို့၏ စွမ်းဆောင်မှုများကို အတည်ပြုရမည်၊

(ဌ) အမှုဆောင်များ၏အခကြေးငွေကို စောင့်ကြည့်စစ်ဆေးခြင်း၊ ပြန်လည်သုံးသပ်ခြင်းနှင့် ၎င်းအခကြေးငွေသည် ဘဏ်၏ဆုံးရှုံးနိုင်ခြေအလေ့အထနှင့် လက်ခံလိုသည့် ဆုံးရှုံးနိုင်ခြေများအရ ချိန်ညှိထားခြင်း ရှိ မရှိ အကဲဖြတ်ခြင်းများအပါအဝင် လစာနှင့် အကျိုးခံစားခွင့်များအပေါ် ဘဏ်၏မူဝါဒများကို စောင့်ကြပ်ကြည့်ရှုရမည်၊

(ဍ) လိမ်လည်မှုများနှင့် အခြားတရားမဝင်ဆောင်ရွက်ချက်များအား အစီရင်ခံတင်ပြနိုင်ရန်အတွက် ဘဏ်၏မူဝါဒနှင့် လုပ်ထုံးလုပ်နည်းများ၏ ခိုင်မာမှု၊ လွတ်လပ်မှုနှင့် ထိရောက်မှုတို့ကို စောင့်ကြပ်ကြည့်ရှုရမည်၊

(ဎ) ဆက်နွယ်သူများနှင့်ပတ်သက်သည့် လုပ်ငန်းဆောင်ရွက်ချက်များအပေါ် ဘဏ်၏ မူဝါဒများအား ပိုမိုကောင်းမွန်အောင်ပြုလုပ်ခြင်းနှင့် အတည်ပြုခြင်းများကို စောင့်ကြပ်ကြည့်ရှုရမည်၊

(ဏ) ငွေရေးကြေးရေးအဖွဲ့အစည်းများဥပဒေ၊ ယင်းဥပဒေအရထုတ်ပြန်သည့် စည်းမျဉ်းများနှင့် ညွှန်ကြားချက်များအား ဘဏ်၏လိုက်နာဆောင်ရွက်မှုကို စောင့်ကြပ်ကြည့်ရှုရမည်။

၁၉။ ဒါရိုက်တာအဖွဲ့သည် သင့်လျော်သည့်မှတ်တမ်းများဖြစ်သည့် အစည်းအဝေးမှတ်တမ်း၊ ပြန်လည်သုံးသပ်သည့်ကိစ္စရပ်များအကျဉ်းချုပ်၊ အကြံပြုထောက်ခံချက်များ၊ ချမှတ်သည့် ဆုံးဖြတ်ချက်များနှင့် ကွဲလွဲသည့်ထင်မြင်ချက် စသည်တို့ကို ဆွေးနွေးမှုနှင့်ဆုံးဖြတ်မှုပြုသည့်နေ့မှ နောက် (၁၀) နှစ်ကာလအထိ ထိန်းသိမ်းထားရမည်။

၂၀။ ဒါရိုက်တာအဖွဲ့သည် ဘဏ်အား ၎င်း၏ကြပ်မတ်ကွပ်ကဲသူများနှင့် ထိရောက်ကောင်းမွန်သည့် ဆက်ဆံရေးကို ထိန်းသိမ်းထားကြောင်းသေချာစေရန် တာဝန်ရှိသည်။

၂၁။ ဒါရိုက်တာအဖွဲ့သည် မြန်မာနိုင်ငံတွင် ပြဋ္ဌာန်းထားသည့် သက်ဆိုင်ရာဥပဒေများအား ဘဏ်က လိုက်နာဆောင်ရွက်မှုရှိစေရေးအတွက် တာဝန်ရှိသည်။

**အကျိုးစီးပွား ပဋိပက္ခ**

၂၂။ ဒါရိုက်တာအဖွဲ့သည် ၎င်း၏အဖွဲ့ဝင်များနှင့် ဘဏ်၏အရာရှိများ လိုက်နာကျင့်သုံးရန် ဖြစ်သော အကျိုးစီးပွားပဋိပက္ခမူဝါဒကို နည်းလမ်းတကျ စာဖြင့်ရေးသား၍ ချမှတ်ထားရမည်ဖြစ်ပြီး အဆိုပါမူဝါဒ အကောင်အထည်ဖော်ဆောင်ရွက်ရေးအတွက် လိုက်နာဆောင်ရွက်ရမည့် လုပ်ငန်းစဉ်ကို ချမှတ်ရမည်။

၂၃။ အကျိုးစီးပွားပဋိပက္ခမူဝါဒတွင် ဘဏ်ဒါရိုက်တာအဖွဲ့ဝင်နှင့် အရာရှိများအား ယင်းတို့ ကိုယ်တိုင်နှင့် ယင်းတို့၏ဆွေမျိုးသားချင်းများက တိုက်ရိုက်သော်လည်းကောင်း၊ သွယ်ဝိုက်၍ သော်လည်းကောင်း ဘဏ်တွင်ရယူထားသည့် အဓိကကျသော ငွေရေးကြေးရေးနှင့်စီးပွားရေးဆိုင်ရာ အကျိုးစီးပွားအားလုံးကို ထုတ်ဖော်ကြေညာရန် သတ်မှတ်ပါရှိရမည်။

၂၄။ အကျိုးစီးပွားပဋိပက္ခမူဝါဒတွင် အောက်ပါတို့ပါဝင်ရမည်-

(က) အကျိုးစီးပွားပဋိပက္ခများ ဖန်တီးစေနိုင်သည့် သို့မဟုတ် ပေါ်ပေါက်ရေးကို ဖန်တီးစေနိုင်သည့် ဆောင်ရွက်ချက်များကို ဖြစ်နိုင်သမျှရှောင်ကြဉ်ရမည့် ဒါရိုက်တာ၏ တာဝန်၊

(ခ) ဒါရိုက်တာအဖွဲ့ဝင်အဖြစ် ဆောင်ရွက်နေစဉ် ပဋိပက္ခများ ပေါ်ပေါက်စေနိုင်သည့် သာဓက ကိစ္စရပ်များ၊

(ဂ) လုပ်ငန်းဆောင်ရွက်ချက်များကို ထမ်းဆောင်ခြင်းမပြုမီ အဆိုပါလုပ်ငန်းဆောင်ရွက်ချက် သည် အကျိုးစီးပွားပဋိပက္ခကို ဖန်တီးခြင်းမရှိကြောင်း သေချာစေရန်အတွက် ဒါရိုက်တာများက လိုက်နာရမည့် ရှုထောင့်စုံသုံးသပ်မှုနှင့် အတည်ပြုမှု လုပ်ငန်းစဉ်များ၊

(ဃ) အကျိုးစီးပွားပဋိပက္ခမှ ဖြစ်ပေါ်လာနိုင်သည့် သို့မဟုတ် ဖြစ်ပေါ်ပြီးဖြစ်သည့် ကိစ္စရပ် တစ်ခုခုကို ချက်ချင်းထုတ်ဖော်ရန် ဒါရိုက်တာ၏တာဝန်၊

(င) ဒါရိုက်တာအနေဖြင့် အကျိုးစီးပွားပဋိပက္ခတွင် ပါဝင်နိုင်သည့်အခြေအနေ သို့မဟုတ် ဘဏ်၏တာဝန်များကို သင့်လျော်စွာဖြည့်ဆည်းရန် ဒါရိုက်တာ၏ဓမ္မဓိဋ္ဌာန်ကျမှု သို့မဟုတ် စွမ်းဆောင်မှုသည် သံသယဖြစ်ဖွယ်ရှိသည့် အခြေအနေတစ်ခုခုတွင် မဲပေး ခြင်းမှ ရှောင်ကြဉ်ရန် ဒါရိုက်တာ၏တာဝန်၊

(စ) ဆက်နွယ်သူများ၏ လုပ်ငန်းဆောင်ရွက်မှုများနှင့်စပ်လျဉ်း၍ ဘဏ်ကချမှတ်ထားသည့် မူဝါဒအား လေးစားလိုက်နာမှု၊

(ဆ) အဆိုပါမူဝါဒအား လိုက်နာဆောင်ရွက်မှုမရှိခြင်းအတွက် ဒါရိုက်တာအဖွဲ့အနေဖြင့် ဖြေရှင်းဆောင်ရွက်မည့်နည်းလမ်းများ၊

(ဇ) သတင်းအချက်အလက်အစီရင်ခံခြင်းတွင် လိုက်နာရမည့် စီစဉ်ဖွဲ့စည်းမှုပုံစံနှင့်

(ဈ) ထုတ်ဖော်ကြေညာချက်များအား နှစ်စဉ် ခေတ်နှင့်လျော်ညီစွာ မွမ်းမံခြင်း။

## ဒါရိုက်တာအပေါ် တားမြစ်ချက်များ

၂၅။ ဒါရိုက်တာသည် အောက်ပါတို့ကို ဆောင်ရွက်ခြင်းမပြုရ-

(က) ဘဏ်၏အကျိုးစီးပွားအား ဆန့်ကျင်သည့် ကိစ္စရပ်တစ်ခုခုတွင် ပါဝင်ဆောင်ရွက်ခြင်း၊

(ခ) အခြားဘဏ် သို့မဟုတ် ငွေရေးကြေးရေးအဖွဲ့အစည်းတွင် ဒါရိုက်တာ သို့မဟုတ် အရာရှိအဖြစ် တစ်ပြိုင်တည်း တာဝန်ထမ်းဆောင်ခြင်း၊

(ဂ) ဘဏ်၏ နေ့စဉ်စီမံခန့်ခွဲမှုဆောင်ရွက်ချက်များတွင် ဝင်ရောက်စွက်ဖက်ခြင်း၊

(ဃ) ဆက်သွယ်ဆောင်ရွက်သူနှင့် တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ ငွေရေးကြေးရေး အကျိုးစီးပွားတစ်ရပ်ရပ် ပါဝင်ပတ်သက်နေသည့် အခြေအနေတွင် ဘဏ်နှင့် ဆက်သွယ်ဆောင်ရွက်သူ၏ လုပ်ငန်းဆောင်ရွက်ချက်တစ်ရပ်ရပ်၌ ပါဝင်ပတ်သက်ခြင်း၊

(င) တာဝန်ထမ်းဆောင်သည့် ဘဏ်နှင့် ဘဏ်၏အမည်ကို အလွဲသုံးစားပြုခြင်းဖြင့် မိမိအတွက် အကျိုးအမြတ်ဖြစ်ပေါ်စေနိုင်သည့် ဆောင်ရွက်ချက်တစ်ရပ်ရပ်တွင် ပါဝင်ဆောင်ရွက်ခြင်း၊

(စ) လျှို့ဝှက်ထားရမည့် ဆက်သွယ်ဆောင်ရွက်သူ၏ သတင်းအချက်အလက်အား ပေါက်ကြားစေခြင်းနှင့် ငွေရေးကြေးရေးအဖွဲ့အစည်းများဥပဒေအား ချိုးဖောက်ခြင်း၊

(ဆ) သင့်လျော်မှန်ကန်ခြင်းရှိမှုဆိုင်ရာ စံသတ်မှတ်ချက်များအတွက် ညွှန်ကြားချက်အရ ဒါရိုက်တာအဖြစ် တာဝန်ထမ်းဆောင်ရန် သင့်လျော်မှန်ကန်ခြင်းမရှိဟု ယူဆနိုင်သည့် ဆောင်ရွက်ချက်တစ်ရပ်ရပ်တွင် ပါဝင်ဆောင်ရွက်ခြင်း။

## ဒါရိုက်တာများ၏ လုပ်ငန်းကျွမ်းကျင်မှု မြှင့်တင်ခြင်း

၂၆။ ဒါရိုက်တာများသည် လုပ်ငန်းတာဝန်များကို ထိရောက်စွာထမ်းဆောင်နိုင်ရန်အတွက် လိုအပ်သောသင်တန်းများကို နှစ် နှစ်လျှင်တစ်ကြိမ် တက်ရောက်ရမည်။

**ဒါရိုက်တာနှင့် အမှုဆောင်အရာရှိချုပ်များ၏ တာဝန်ရှိမှု**

၂၇။ ဒါရိုက်တာနှင့် အမှုဆောင်အရာရှိချုပ်များသည် ယင်းတို့၏တာဝန်များကို ရိုးသားစွာနှင့် ကိုယ်ကျင့်တရားကောင်းမွန်စွာ ထမ်းဆောင်ရမည်။

၂၈။ ဘဏ်၏ ဒါရိုက်တာနှင့် အမှုဆောင်အရာရှိချုပ်များသည် ယင်းတို့၏တာဝန်များကို ထမ်းဆောင်ရာတွင် ကြီးမားသောပေါ့ဆမှု သို့မဟုတ် တမင်လွဲမှားမှုကြောင့် ဘဏ်၊ ဘဏ်တွင် ငွေအပ်နှံသူတစ်ဦးဦး သို့မဟုတ် အခြားသူတစ်ဦးဦးသို့ဖြစ်ပေါ်စေသည့် နစ်နာမှု သို့မဟုတ် ဆုံးရှုံးမှု တစ်ရပ်ရပ်အတွက် တာဝန်ရှိစေရမည်။

**ညွှန်ကြားချက်ကို လိုက်နာရန်ပျက်ကွက်ခြင်း**

၂၉။ ဤညွှန်ကြားချက်အား လိုက်နာရန်ပျက်ကွက်ခြင်းသည် ငွေရေးကြေးရေးအဖွဲ့အစည်းများ ဥပဒေကို ဖောက်ဖျက်ခြင်းဖြစ်၍ ယင်းဥပဒေပုဒ်မ ၉၄ နှင့် ပုဒ်မ ၉၆ အရ ဘဏ်အား ပြန်လည် တည့်မတ်စေရန်ဆောင်ရွက်ခြင်း သို့မဟုတ် အရေးယူခြင်းနှင့် အဆိုပါဥပဒေပုဒ်မ ၁၅၄ အရ စီမံ ခန့်ခွဲရေးနည်းလမ်းများဖြင့် အရေးယူခြင်းခံရမည်။

**အကျိုးသက်ရောက်ခြင်း**

၃၀။ ဤညွှန်ကြားချက်သည် ထုတ်ပြန်သည့်နေ့မှစ၍ ၁၂ လ ပြည့်မြောက်သည့်နေ့တွင် အကျိုး သက်ရောက်စေရမည်။

(ပုံ)xxxxxxxxxxx
ဥက္ကဋ္ဌ (ကိုယ်စား)
(စိုးသိန်း၊ ဒုတိယဥက္ကဋ္ဌ)

ရက်စွဲ။

ဒါရိုက်တာအဖွဲ့ဝင်များ

------------------ ဘဏ်

------------------

## ကျမ်းကျိန်လွှာ

ကျွန်ုပ်--------------------- သည် ဘဏ်၏ဒါရိုက်တာများဆိုင်ရာညွှန်ကြားချက်နှင့်အညီ ------------- ရက်နေ့တွင် ဤဘဏ်၏ ဒါရိုက်တာရာထူးကို ထမ်းဆောင်ရန်အတွက် လိုအပ်သော အချက်များကို အောက်ပါအတိုင်း ကြေညာအပ်ပါသည်-

(၁) ကျွန်ုပ်သည် မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ သင့်လျော်မှန်ကန်ခြင်းရှိမှုဆိုင်ရာ စံသတ်မှတ်ချက်များအတွက် ညွှန်ကြားချက်တွင် သတ်မှတ်ထားသည့် ဘဏ်၏ ဒါရိုက်တာအဖြစ်ထမ်းဆောင်ရန် စံသတ်မှတ်ချက်၊ အရည်အချင်းများနှင့် ကိုက်ညီမှု ရှိပါသည်၊

(၂) ကျွန်ုပ်သည် ဤဘဏ်၏ဒါရိုက်တာအဖြစ်ဆောင်ရွက်ရန် မြန်မာနိုင်ငံတော်ဗဟိုဘဏ်က ထုတ်ပြန်ထားသည့် သင့်လျော်မှန်ကန်ခြင်းရှိမှုဆိုင်ရာ စံသတ်မှတ်ချက်များအတွက် ညွှန်ကြားချက်တွင် သတ်မှတ်ထားသည့် အရည်အချင်း မပြည့်မီမှု မရှိပါ၊

(၃) ကျွန်ုပ်သည် မြန်မာနိုင်ငံတော်ဗဟိုဘဏ်က ထုတ်ပြန်ထားသည့် ဘဏ်၏ဒါရိုက်တာများဆိုင်ရာညွှန်ကြားချက်တွင် သတ်မှတ်ထားသည့် ဤဘဏ်၏ အကျိုးစီးပွားပဋိပက္ခဆိုင်ရာ မူဝါဒများနှင့်အညီ ပြုမူဆောင်ရွက်ပါမည်၊

(၄) ကျွန်ုပ်သည် မြန်မာနိုင်ငံတော်ဗဟိုဘဏ်က ထုတ်ပြန်ထားသည့် ဆက်နွှယ်သူများဆိုင်ရာညွှန်ကြားချက်တွင် သတ်မှတ်ထားသည့် ဆက်နွှယ်သူများအပေါ် ဘဏ်၏ မူဝါဒနှင့်အညီ ပြုမူဆောင်ရွက်ပါမည်၊

(၅) ကျွန်ုပ် သို့မဟုတ် ကျွန်ုပ်၏ မိသားစုသည် ဤဘဏ်တွင် အစုရှယ်ယာများနှင့် ဒီဘင်ချာများ --------- စု ပိုင်ဆိုင်ပါသည်၊(လိုအပ်ပါက ပူးတွဲစာရင်းဖြင့် တင်ပြရန်)

(၆) ကျွန်ုပ် သို့မဟုတ် ကျွန်ုပ်၏ မိသားစုသည် အခြားဘဏ် သို့မဟုတ် ငွေရေးကြေးရေး အဖွဲ့အစည်းတွင် အစုရှယ်ယာများနှင့် ဒီဘင်ချာများ ------ စု ပိုင်ဆိုင်ပါသည်၊ (လိုအပ်ပါက ပူးတွဲစာရင်းဖြင့် တင်ပြရန်)

(၇) ဤဘဏ်မှတစ်ပါး ကျွန်ုပ်သည် အခြားဘဏ် သို့မဟုတ် ငွေရေးကြေးရေးအဖွဲ့အစည်း တစ်ခုခုတွင် ဒါရိုက်တာအဖြစ် ဆောင်ရွက်နေခြင်းမရှိပါ၊

(၈) ကျွန်ုပ်၏ မိသားစုဝင်များသည် ဤဘဏ်တွင် အုပ်ချုပ်သူ/ဝန်ထမ်းအဖြစ် ဆောင်ရွက်နေခြင်း ရှိပါသည်/မရှိပါ ၊(ရှိပါက သီးခြားဖော်ပြရန်)

(၉) အထက်ဖော်ပြပါ ကြေညာချက်/ သတင်းအချက်အလက်များသည် မှန်ကန်ပါသည်၊

(၁၀) အကယ်၍ မမှန်ကန်သည့် ကြေညာချက်/ သတင်းအချက်အလက်များကို တွေ့ရှိပါက ဥပဒေနှင့်အညီ အရေးယူခြင်းကိုခံပါမည်။

--------------------

ဒါရိုက်တာ၏လက်မှတ်

ဒါရိုက်တာ၏ အမည်